**Shwe Gas Movement**

**ရွှေဂက်စ်လှုပ်ရှားမှုအဖွဲ့**

## တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြုပ်နှံနေသော ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများ ရပ်ဆိုင်းရေး ကမ္ဘာလုံးဆိုင်ရာ တောင်းဆိုလှုပ်ရှားမှု

မတ်လ ၁ ရက်နေ့ ။

ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့ ။ ။ တရုတ်နိုင်ငံမှ ရင်းနှီးမြုပ်နှံထားသော တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်း စီမံကိန်းများ ရပ်ဆိုင်းရေးအတွက် ကမ္ဘာတလွှားရှိ နိုင်ငံပေါင်း ၂၀ မှ အဖွဲ့ အစည်းပေါင်း ၁၃၀ အဖွဲ့ က ကမ္ဘာလုံးဆိုင်ရာ ဆန္ဒပြပွဲများကို ယနေ့ ပြုလုပ်မည်ဖြစ်ပြီး မြန်မာ နိုင်ငံတော်သမ္မတ သိန်းစိန် ထံသို့ အိတ်ဖွင့်ပေးစာတစောင်ပေးပို့ သွားမည်ဖြစ်သည်။ ၎င်းစီမံကိန်း ကြောင့် ဆိုးရွားလှသော လူ့ အခွင့်အရေးချိုးဖောက်ခံနေရမှုများကို ဖော်ပြသွားမည့်အပြင် လူမှုရေး၊ စီးပွားရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကိုလည်း ဖော်ပြသွားမည် ဖြစ်ပြီး ၎င်းအိတ်ဖွင့်ပေးစာကို ရွှေဂက်စ်စီမံကိန်းတွင် ထိပ်ဆုံးမှ ရင်းနှီးမြုပ်နှံထားသော မြန်မာနိုင်ငံ၊ တရုတ်၊ ကိုးရီးယား နှင့် အိန္ဒိယနိုင်ငံများမှ ကုမ္ပဏီများကိုလည်း ပေးပို့ သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ အနောက်ဘက်ပိုင်း ကမ်းခြေဒေသမှ အစပြုပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် အဆုံးသတ်မည့် ရွှေဂက်စ်စီမံကိန်းနှင့် မြန်မာနိုင်ငံတွင်ဖြတ်သန်းသွားမည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများသည် ယခုအခါတွင် တည်ဆောက်နေဆဲဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် စတင်လည်ပတ်မည် ဖြစ်သည်။ ၎င်းစီမံကိန်းမှ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိမည်ဖြစ်ပြီး နှစ်ပေါင်း ၃၀ အတွင်း အမေရိကန် ဒေါ်လာ ၂၉ ဘီလီယံ ဝင်ငွေ ရရှိမည်ဖြစ်သည်။

သမ္မတသိန်းစိန် သို့ ပေးပို့ မည့် အိတ်ဖွင့်ပေးစာတွင် စီမံကိန်းအတွက် လယ်ယာမြေ ဧကပေါင်းများစွာ အဓမ္မသိမ်းဆည်းခံရမှုများနှင့် ပိုက်လိုင်းတည်ဆောက်သွားရာ ဒေသတလျှောက်ရှိ မြန်မာနိုင်ငံ ရှမ်းပြည် မြောက်ပိုင်းတွင် မြန်မာစစ်တပ်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များအပေါ် ထိုးစစ်ဆင်

နေမှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချသွားမည်ဖြစ်သည်။ ၎င်းအိတ်ဖွင့်ပေးစာသည် မြစ်ဆုံရေကာတာ စီမံကိန်း နှင့် ထားဝယ်ဒေသရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံ စီမံကိန်း ရပ်ဆိုင်းရေး ဆုံးဖြတ်ချက်အပေါ် အခြေခံပြီး "ပွင့်လင်းမြင်သာမှုရှိသော လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ကိုတပြေးညီကျင့်သုံးပြီး ရွှေဂက်(စ်) နှင့် ပိုက်လိုင်းတည်ဆောက်ရေး စီမံကိန်းကို ချက်ချင်း ရပ်ဆိုင်းရေး တောင်းဆိုသွားမည်" ဖြစ်သည်။

၎င်းစီမံကိန်းမှ သဘာဝဓါတ်ငွေ့များကို တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်သော်လည်း ၇၅ ရာခိုင်နှုန်း ကျော်သော ဒေသခံပြည်သူများမှာ လျှပ်စစ်မီးကိုပင် အသုံးမပြုနိုင်ကြပေ။ "၎င်းစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများ၏ မကျေနပ်မှုများ တနေ့တခြားတိုးပွားလာနေပြီး သမ္မတသိန်းစိန် အနေဖြင့် ပြည်သူလူထု၏ ဆန္ဒအမှန်ကို နားထောင်သင့်သည်" ဟု ကိုဝင်းအောင် မှ ပြောဆိုပါသည်။

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့ ရောင်းချရာမှ ရရှိသော ဝင်ငွေများကို ပွင့်လင်းမြင်သာ သော စီမံခန့်ခွဲမှု မရှိပေ။ သို့ကြောင့် "ပွင့်လင်းမြင်သာမှုမရှိသော ယခုစီမံကိန်းမှ ရရှိသော သဘာဝ ဓါတ်ငွေ့ရောင်းချရမှု ငွေကြေးများသည် လာဘ်ပေးလာဘ်ယူမှုများကိုသာ ကြီးထွားလာစေမှာဖြစ်ပြီး ပြည်သူလူထုအတွက် အကျိုးမရှိနိုင်" ဟု ရွှေဂက်စ်လှုပ်ရှားမှုတာဝန်ခံ ကိုဝင်းအောင်မှ ဆိုသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်တခုအောက်တွင် တရားမျှတမှုရှိသော အကျိုးတူ မျှဝေခံစားပိုင်ခွင့်ရှိသည့် စနစ်တခုဖြစ်ပေါ်လာရေးနှင့် ဒေသခံပြည်သူ များ၏ အခွင့်အရေးများအား လေးစားလိုက်နာရေးကို ကျင့်သုံးရန် ရွှေဂက်စ်လှုပ်ရှားမှုအဖွဲ့မှ တိုက် တွန်းသည်။

ဆက်သွယ်ရန်-
ကိုဝင်းအောင် +၆၆ (၀) ၈၅၇၁ ၃၃၃၄၄ wongaung@gmail.com (အင်္ဂလိပ် နှင့် မြန်မာဘာသာ)
မဖြိုးဖြိုး +၆၆ (၀) ၈၅၃၂၈ ၃၉၄၇ phyophyo@shwe.org (မြန်မာဘာသာ)